**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**ပြန်ကြားရေးဌာန**

**(၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ်အုပ်ချုပ်ရေး နည်းဥပဒေများ)**

**အမှတ် ၅၀**

**၁၃၂၆ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်။**

**( ၁၉၆၄ ခု၊ ဧပြီလ ၂၈ ရက်။)**

Myanmar Law Information System (MLIS)

အမှတ် ၅၀။ ။ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၀ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အောက်ပါ နည်းဥပဒေများကို ပြုလိုက်သည်။

**၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးနည်း ဥပဒေများ**

၁။ ။ ဤနည်းဥပဒေများကို "၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲ များကြီးကြပ်အုပ်ချုပ် ရေးနည်းဥပဒေများ" ဟုခေါ်တွင်စေရမည်။

**အဓိပ္ပါယ်ဖော်ပြချက်**

၂။ ။ ဤနည်းဥပဒေများတွင် အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်-

(က) "**ဥပဒေ**" ဆိုသည်မှာ၊ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်အုပ်ချုပ်ရေး ဥပဒေကို ဆိုလိုသည်။

(ခ) "**ကော်မီတီ**" ဆိုသည်မှာ ၊ ဥပဒေပုဒ်မ ၃(၁) အရ၊ ဖွဲ့စည်းထားသည့်မှတ်ပုံတင်ကော်မီတီကို ဆိုလိုသည်။

(ဂ) "**ပုံစံ**" ဆိုသည်မှာ၊ ဤနည်းဥပဒေများတွင် ပူးတွဲထားသည့်ပုံစံကို ဆိုလိုသည်။

**လျှောက်လွှာတင်သွင်းခြင်း**

၃။ ။ (၁) ဥပဒေအာဏာတည်သည့် အရပ်ဒေသအတွင်း စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်ကိုဖွင့်လှစ်သူ၊ သို့မဟုတ် ထားရှိသူတိုင်းသည်၊ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁)အရ၊ ဥပဒေ စတင်အာဏာ တည်သည့်နေ့ ရက်မှ ရက်ပေါင်း **ကိုးဆယ်အတွင်း** ဥပဒေအရ၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်များကို မှတ်ပုံတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။

(၂) ဥပဒေစတင်အာဏာတည်ပြီးသည့် နေ့ရက်နောက်တွင် စာကြည့်တိုက်ဖွင့်လှစ်လိုသူ၊ သို့တည်း မဟုတ် ပြတိုက်ထားရှိလိုသူ၊ သို့မဟုတ် စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်ဖွင့်လှစ်ထား ရှိရန်ကြံရွယ်သူ တိုင်းသည်၊ စာကြည့်တိုက်နှင့် ပြတိုက်များမဖွင့်လှစ်မထားရှိမီ ဥပဒေအရ မှတ်ပုံတင်ရမည်။

(၃) ဥပဒေစတင်အာဏာတည်ပြီးသည့် နေ့ရက်နောက်တွင် ပြပွဲတခုခုပြသရန် ကြံရွယ်သူတိုင်းသည်၊ ပြပွဲမပြုလုပ်မီ ဥပဒေပုဒ်မ ၅ အရ၊ မှတ်ပုံတင်အရာရှိ၏ အခွင့်အမိန့်ကိုရယူရမည်။

**လျှောက်ထားရန်ပုံစံများ**

၄။ ။ (၁) ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ၊ စာကြည့်တိုက်ဖွင့်လှစ်လိုသူ၊ သို့မဟုတ် ထားရှိလိုသူသည်၊ စာကြည့်တိုက်မှတ်ပုံတင်ရန်အလို့ငှါ၊ ပုံစံ (က) ဖြင့်လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံအောင် ဖော်ပြ၍၊ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်လွှာတင်သွင်းရမည်။

(၂) အစိုးရဌာနနှင့် အစိုးရဌာနလက်အောက်ခံရုံးများ၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်းများ၊ ဘဏ်များ၊ မြူနီစီပါယ်အဖွဲ့များ၊တက္ကသိုလ်များ၊ စာသင်ကျောင်းများသည်၊ မိမိတို့ စာကြည့်တိုက်များမှတ်ပုံတင်ရန် အလို့ငှါ၊ ပုံစံ (ခ) ဖြင့် လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံအောင်ဖော်ပြ၍၊ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်လွှာတင်သွင်းရမည်။

(၃) နိုင်ငံခြားသံရုံးများသည်၊ အများပြည်သူအတွက် ကြည့်ရှုငှါးရမ်းရန် ရည်ရွယ်၍ စာကြည့်တိုက် ဖွင့်လှစ်ထားရှိလိုပါက၊ ထိုစာကြည့်တိုက်မှတ်ပုံတင်ရန်အလို့ငှါ၊ ပုံစံ (ဂ) ဖြင့် လိုအပ်သည့်အကြောင်း အရာများကို ပြည့်စုံအောင်ဖော်ပြ၍၊ နိုင်ငံခြားရေးရုံးသို့ လျှောက်လွှာတင်သွင်းရမည်။

(၄) ပြတိုက်ဖွင့်လှစ်လိုသူ၊ သို့မဟုတ် ထားရှိလိုသူသည် ပြတိုက်မှတ်ပုံတင်ရန်အလို့ငှါ၊ ပုံစံ (ဃ) ဖြင့် လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံအောင်ဖော်ပြ၍၊ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက် လွှာတင်သွင်းရမည်။

(၅) ပြပွဲတခုခုပြသလိုသူသည်၊ ဥပဒေပုဒ်မ ၅ အရ၊ ပြပွဲပြသခွင့်အမိန့်ရရှိရန်အလို့ငှါ၊ ပုံစံ (င) ဖြင့် လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံအောင်ဖော်ပြ၍၊ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် လျှောက်လွှာတင်သွင်းရမည်။

(၆) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ သို့မဟုတ် နည်းဥပဒေ (၅) အရ၊ တင်သွင်းသည့်ပုံစံ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ သို့မဟုတ် ပုံစံ (င) ကို ရုံးခွန်တံဆိပ်ခေါင်း သုံးကျပ်တန်ကပ်၍ ၎င်း၏မိတ္တူ တစောင်နှင့် အတူ ပေးပို့ရမည်။

## ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း

၅။ ။ စာကြည့်တိုက် မှတ်ပုံတင်သက်သေခံလက်မှတ်ကို ပုံစံ (စ)ဖြင့်၎င်း၊ ပြတိုက်မှတ်ပုံတင် သက်သေခံ လက်မှတ်ကို ပုံစံ (ဆ) ဖြင့်၎င်း၊ ပြပွဲပြသခွင့်ပြုသည့် လက်မှတ်ကို ပုံစံ (ဇ) ဖြင့်၎င်း၊ ထုတ်ပေးရမည်။

အသစ်လဲလှယ်ခြင်း

၆။ ။ (၁) မှတ်ပုံတင်သက်သေခံလက်မှတ်ကို၊ ၎င်း၏သက်တမ်း မကုန်ဆုံးမီ တလနှင့် ကုန်ဆုံးပြီး နောက်တလ၊ ပေါင်း ၂ လအတွင်း၊ အသစ်လဲလှယ်ရန် ပုံစံ (ဈ) နှင့် လျှောက်လွှာတင်သွင်းရမည်။

(၂) နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (၁) အရ၊ အဆိုပါ ၂ လအတွင်း မှတ်ပုံတင်သက်သေခံလက်မှတ် အသစ် လဲလှယ်ရန်လျှောက်လွှာတင်သွင်းခြင်းမပြုလျှင်၊ မူလမှတ်ပုံတင်ခြင်းမှာ ပျက်ပြယ်စေပြီး၊ မှတ်ပုံတင်ရန် အသစ်တဖန် လျှောက်လွှာတင်သွင်းရမည်။

အခကြေးငွေ

၇။ ။ (၁) စာကြည့်တိုက်အတွက်ဖြစ်စေ၊ ပြတိုက်အတွက်ဖြစ်စေ၊ မှတ်ပုံတင် သည့်အခါ အောက်ပါမှတ်ပုံ တင်ခကို ပေးဆောင်ရမည်။

Myanmar Law Information System (MLIS)

(က) စာကြည့်တိုက်အတွက် .... ကျပ်တဆယ်။

(ခ) ပြတိုက်အတွက် .... ကျပ်ငါးဆယ်။

(၂) မှတ်ပုံတင် သက်သေခံလက်မှတ် အသစ်လဲလှယ်သည့်အခါတိုင်း၊ အခကြေးငွေ ငါးကျပ်ပေးဆောင် ရမည်။

**အယူခံဝင်ခြင်း**

၈။ ။ လျှောက်ထားသူသည်၊ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၂) အရ၊ ကော်မီတီက ချမှတ်သောအမိန့်ကို မကျေနပ်လျှင်၊ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ပြန်ကြားရေးဌာန တာဝန်ခံ ထံအယူခံဝင်နိုင်သည်။ အဆိုပါ အယူခံလွှာကို ရုံးခွန်တံဆိပ်ခေါင်း သုံးကျပ်တန်ကပ်၍ ပြန်ကြားရေးဌာန အတွင်းဝန်ထံတင်သွင်းရမည်။

**ကင်းလွတ်ခွင့်**

၉။ ။ ဥပဒေပုဒ်မ ၁၆ အရ၊ အောက်ပါဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တို့အား၊ မှတ်ပုံတင်ခပေး ဆောင်ရ ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

(က) အစိုးရစာကြည့်တိုက်များနှင့် ပြတိုက်များ။

(ခ) သက်ဆိုင်ရာ အစိုးရဌာနများက ပြုလုပ်သောပြပွဲများ။ ထို့ပြင်

(ဂ)ကော်မီတီက ကင်းလွတ်ခွင့် ပေးသင့်သည်ဟု ယူဆသောစာကြည့်တိုက်/ပြတိုက်/ ပြပွဲများ။

**ညွှန်ကြားချက်ထုတ်ခြင်း**

၁၀။ ။ ပြန်ကြားရေးဌာနသည်၊ မှတ်ပုံတင်အရာရှိများ လိုက်နာကျင့်သုံးရန် ညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်နိုင်သည်။

၁၁။ ။ ကော်မီတီ ဥက္ကဋ္ဌသည်၊ စာကြည့်တိုက်များ၊ ပြတိုက်များ၊ ပြပွဲများနှင့် စပ်လျဉ်း၍ လိုက်နာရန် လိုအပ်သည့် စည်းကမ်းချက်များထုတ်နိုင်သည်။

၁၂။ ။ ဤနည်းဥပဒေများအရ၊ ထုတ်သည့်ညွှန်ကြားချက်နှင့် စည်းကမ်းချက်များသည်၊ ဥပဒေအရပြု သည့် နည်းဥပဒေများဖြစ်သည်ဟု မှတ်ယူရမည်။

အမိန့်အရ၊

ဒု-ဗိုလ်မှူးကြီး မျိုးဝင်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊

ပြန်ကြားရေးဌာန။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (က) စာကြည့်တိုက် မှတ်ပုံတင်လျှောက်လွှာ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (ခ) စာကြည့်တိုက် မှတ်ပုံတင်လျှောက်လွှာ (အစိုးရဌာနနှင့် အစိုးရဌာနလက်အောက်ခံရုံးများ၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်းများ၊ ဘဏ်များ၊ မြူနီစီပါယ်အဖွဲ့များ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများအတွက်။)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (ဂ) နိုင်ငံခြားသံရုံးများက အများပြည်သူအတွက်ရည်ရွယ်၍ ဖွင့်လှစ်လိုသော စာကြည့်တိုက် မှတ်ပုံတင် လျှောက်လွှာ (ဤလျှောက်လွှာအား ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ နိုင်ငံခြားရေးရုံးသို့ ပေးပို့ရပါမည်။)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (ဃ) ပြတိုက်မှတ်ပုံတင်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (င) ပြပွဲပြသရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ (စ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန စာကြည့်တိုက်မှတ်ပုံတင် သက်သေခံလက်မှတ် (နည်းဥပဒေ ၅ ကို ကြည့်။)

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန ပြတိုက်မှတ်ပုံတင်သက်သေခံလက်မှတ် (နည်းဥပဒေ ၅ ကို ကြည့်။)

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (ဇ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန ပြပွဲပြသခွင့်ပြုသည့်လက်မှတ် (နည်းဥပဒေ ၅ ကို ကြည့်။)

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (ဈ) စာကြည့်တိုက်/ပြတိုက်မှတ်ပုံတင်သက်သေခံလက်မှတ် အသစ်လဲလှယ်ရန်လျှောက်လွှာ [နည်းဥပဒေ ၆ (၁) ကိုကြည့်။]

Myanmar Law Information System (MLIS)